# Third Sunday of Advent

## 1st READING: *Isaiah 61:1-2a, 10-11*

ယေရှာယအနာဂတ္တိကျမ်း။ ၆၁း ၁–၂၊ ၁၀–၁၁

ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာ သိတင်းကိုကြားပြောစေခြင်းငှါ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါလင်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသော သူတို့အား ထောင်တံခါးဖွင့်ခြင်း အကြောင်းကိုပြစေခြင်းငှါလင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှါလင်း၊ စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှါလင်း၊ ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်းမြောက်၍၊ ငါ၏ ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်း မည်။ အကြောင်းမူကား မင်္ဂလာဆောင်လုလင်သည် ပေါင်းသရဖူကို ဆောင်းသကဲ့သို့၎င်း၊ မင်္ဂလာဆောင် သတို့သမီး သည် တန်ဆာနှင့် ငါ့ကိုဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်း ဝတ်လုံနှင့် ခြုံတော်မူပြီ။ မြေကြီးသည် အပင်ကိုပေါက်စေ သကဲ့သို့၎င်း၊ လယ်ယာသည် မိမိ၌စိုက်သော မျိုးစေ့ကို အညှောင့်ထွက်စေသကဲ့သို့၎င်း၊ ထို့အတူ ထာဝရဘုရားသည် ခပ်သိမ်းသော လူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကို ပေါ်ထွန်းစေတော်မူလိမ့်မည်။

## Responsorial Psalm  Luke 1:46-48, 49-50, 53-54
**ရှင်လုကာဧဝံဂေလိကျမ်း** ၁း ၄၆–၄၈၊ ၄၉–၅၀၊ ၅၃–၅၄

၄၆–၄၈။ ထိုအခါမာရိယာမြွက်ဆိုသည်ကား၊ငါ၏ဝိညာဉ်သည်ထာဝရဘုရားကိုချီးမွမ်း၏ ။ငါ၏စိတ်နှလုံးသည်ငါ့ကို
ကယ်တင်တော်မူသောဘုရားသခင်၌ရွှင်လန်းခြင်းရှိ၏ ။အကြောင်းမူကား၊ကိုယ်တော်သည်မိမိကျွန်မ၏နှိမ့်ချသောအဖြစ်ကို
ကြည့်ရှုတော်မူ၏ ။ ယခုမှစ၍ခပ်သိမ်းသောလူမျိုးအစဉ်အဆက်တို့သည်ငါ့ကိုမင်္ဂလာရှိသောသူဟုခေါ်ဝေါ်ကြလိမ့်မည်။

၄၉–၅၀။ အကြောင်းမူကား၊တန်ခိုးကြီးတော်မူသောသခင်သည်ငါ၌အံ့ဩဘွယ်သောကျေးဇူးတော်များကိုပြုတော်မူပြီ။
ကိုယ်တော်၏နာမတော်သည်မြင့်မြတ်သန့်ရှင်းတော်မူ၏ ။ ကိုယ်တော်၏ကရုဏာတော်သည်မိမိကြောက်ရွံ့ရှိသေသော
သူတို့အပေါ်သို့သားစဉ်မြေးဆက်သက်ရောက်၏ ။

၅၃–၅၄။ ငတ်မွတ်သောသူတို့ကိုကောင်းသောအရာတို့နှင့်ပြည့်ဝစေ၍ကြွယ်ဝသောသူတို့ကိုလက်ချည်းဗလာလွှတ်
လိုက်တော်မူပြီ။ ကိုယ်တော်သည်မိမိကရုဏာတော်ကိုအောက်မေ့တော်မူ၍မိမိကျွန်အစ္စရေးလ်ကိုကူညီထောက်မတော်မူပြီ။

## 2nd READING: *1 Thessalonians 5:16-24*

သက်ဆာလောနိကဩဝါဒစာပထမစောင် ၅း ၁၆–၂၄

အစဉ်အမြဲရွှင်လန်းဝမ်းမြောက်လော့။ အဆက်မပြတ်ဆုတောင်းပတ္ထနာပြုကြလော့။ မည်သည့်အခြေအနေမျိုးတွင်မဆို အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမှာသင်တို့သည်ခရစ်ယာန်များဖြစ်သည့်အလျောက်ဤသို့ပြုကျင့်ကြစေရန်ဘုရားသခင်အလိုရှိတော်မူ၏။ မွန်မြတ်သောဝိညာဉ်တော်ဘုရားကြွလာတော်မူခြင်းကိုမဆီးတားကြနှင့်၊ ပရောဖက်များ၏နိုးဆော်ဟောပြောချက်များကိုမထီမဲ့မြင်မပြုကြနှင့်။ အရာခပ်သိမ်းတို့ကိုဆင်ခြင်သုံးသပ်ပြီးလျှင် ကောင်းသောအရာတို့ကိုစွဲမြဲစွာကိုင်ထား၍မကောင်းသည့်အရာမှန်သမျှကိုရှောင်ရှားကြလော့။ ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည်သင်တို့အားမွန်မြတ်သန့်ရှင်းစေ၍စုံလင်ခြင်းသို့ရောက်စေရန်ပြုတော်မူပါစေငါတို့၏အရှင်သခင်ယေရှုကြွလာတော်မူသောအခါ၌သင်တို့သည်အပြစ်တင်ခံရခြင်းနှင့်လုံးဝကင်းလွတ်ကြစေရန်ဘုရားသခင်သည်သင်တို့၏ကိုယ်စိတ်ဝိညာဉ်ကိုထိန်းသိမ်းစောင့်ရှောက်တော်မူပါစေ။ သင်တို့အားခေါ်ယူရွေးကောက်တော်မူသောအရှင်သည်သစ္စာရှိတော်မူသည်ဖြစ်၍ဤသို့ပြုတော်မူလိမ့်မည်။

**GOSPEL:** ***John 1: 6-8,19-28***
**ရှင်ယောဟန်ဧဝံဂေလိကျမ်း** ၁း ၆–၈၊ ၁၉–၂၈

ယောဟန်အမည်ရှိသောလူတစ်ဦးကိုဘုရားသခင်စေလွှတ်တော်မူ၏။ ဤသူအားဖြင့်လူသားအားလုံးယုံကြည်လာကြစေရန်အလင်းတော်၏အကြောင်းကိုသက်သေခံခြင်းငှါသူကြွလာခဲ့၏။ သူသည်အလင်းတော်မဟုတ်၊အလင်းတော်အကြောင်းကိုသက်သေခံရန်ကြွလာသောသူသာဖြစ်၏။ ဂျူးလူမျိုးတို့ကယောဟန်သည်မည်သူဖြစ်မည်နည်းဟုစုံစမ်းမေးမြန်းစေခြင်းငှါဂျေရုဆလင်မြို့မှရဟန်းများနှင့်လေဝီမျိုးနွယ်ဝင်များကိုစေလွှတ်ကြသောအခါသူကဤသို့သက်သေခံ၏။ သူသည်ထိမ်ဝှက်ခြင်းမရှိဘဲထုတ်ဖော်ပြောသည်မှာငါသည်ခရစ်တော်မဟုတ်ဟုအတိအလင်းဆိုလေ၏။ ထိုသူတို့ကလည်းဤသို့ဆိုလျှင်သင်သည်ဧလိယဖြစ်သလောဟုမေးမြန်းကြသော်သူကငါမဟုတ်ဟုပြန်ဖြေလေ၏။ သင်သည်ပရောဖက်ဖြစ်သလောဟုမေးကြပြန်လျှင်ငါမဟုတ်ဟုပြန်ပြောလေ၏။ သူတို့ကလည်းသင်သည်မည်သူဖြစ်သနည်း၊ငါတို့ကိုစေလွှတ်သောသူတို့အားငါတို့ပြောပြနိုင်ရန်သင်မည်သူဖြစ်ကြောင်းသင်ကိုယ်တိုင်ပြောပြပါလောဟုဆိုကြ၏။ထိုအခါသူကငါသည်ပရောဖက်အီဇာယဟောထားခဲ့သည့်အတိုင်းသခင်ဘုရား၏လမ်းတော်ကိုဖြောင့်တန်းစေကြလောဟုတောကန္တာရ၌ကြွေးကြော်သောသူ၏အသံဖြစ်သတည်းဟုဆို၏။ ထိုသို့မေးမြန်းရန်စေလွှတ်ခြင်းခံရသောသူများထဲတွင်ဖာရီဇေဦးများလည်းပါဝင်ကြ၏။ ထိုသူတို့ကလည်းသင်သည်ခရစ်တော်လည်းမဟုတ်၊ ဧလိယလည်းမဟုတ်၊ ပရောဖက်လည်းမဟုတ်ပါလျှင်အဘယ်ကြောင့်ဆေးကြောခြင်းကိုပေးသနည်းဟုမေးကြ၏။ ယောဟန်ကသူတို့အားပြန်ဖြေသည်မှာငါသည်ရေဖြင့်ဆေးကြော၏။ သင်တို့အလယ်မှာမူကားသင်တို့မသိသောသူတစ်ဦးရှိ၏။ ထိုသူသည်ငါနောက်မှကြွလာသူဖြစ်သော်လည်းသူ၏ခြေနင်းတော်ကြိုးကိုမျှဖြည့်ပေးခြင်းငှါငါမထိုက်တန်ပါဟုဆို၏။ ဤအကြောင်းအရာသည်ယောဟန်ကဆေးကြောခြင်းပေးနေသောဂျော်ဒန်မြစ်တစ်ဘက်ကမ်းဘက်သနီရွာတွင်ဖြစ်ပျက်ခဲ့လေ၏။